# ဘော်တီမောစီရင်စု အစိုးရကျောင်းများ

ဒယ်ရီ အယ်. ဝီလီယံ ၊ အက်ဒ်.ဒီ ♦ ကြီးကြပ်ရေးမှူ ♦ 6901 North Charles Street ♦ Towson, MD ♦ 21204

ဘော်တီမောစီရင်စု အစိုးရကျောင်းများမှ မိသားစုများခင်ဗျား၊
၂၀၂၁-၂၀၂၂ ပညာသင်နှစ်မှကြိုဆိုလိုက်ပါတယ်!

ပထမဆုံးစွာ ကျွန်ုပ်အနေဖြင့် သင်နှင့်သင့်မိသားစုဝင်များ အန္တရာယ်ကင်းရှင်းပြီး ကျန်းမာစွာ နွေရာသီကိုဖြတ်သန်းနေမယ်လို့ မျှော်လင့်ပါတယ်။ ကျောင်းသားအားလုံးအတွက် လူတွေ့ သင်ကြားပေးခြင်း ပြန်လည်စတင်မှာဖြစ်ပြီး ကျွန်ုပ်တို့ဟာ ဝန်ထမ်းများနှင့် ကျောင်းသားများရဲ့ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးကိုပထမဦးစားပေးအဖြစ်ဆက်လက် သတ်မှတ် ဆောင်ရွက် သွားမှာဖြစ်ပါတယ်။

ယခုစာသင်နှစ်တွင် ကျွန်ုပ်တို့၏ မဟာဗျူဟာစီမံကိန်း၊ *လမ်းပြသံလိုက်အိမ်မြှောင်: ထူးချွန်မှုဆီသို့သွားရာကျွန်ုပ်တို့၏လမ်းကြောင်း* အတွက်လိုအပ်သည့် တန်းတူညီမျှမှုရှိ၍ အရည်အသွေးမြင့်မားသော သင်ကြားခြင်းနှင့်သင်ယူခြင်းတို့အပေါ် အလေးထားမှုကို ဆက်လက် တိုးမြှင့်နိုင်ရန် ကျွန်ုပ်မျှော်လင့်ပါတယ်။ မိတ်ဆွေများရဲ့ကျောင်းဟာ ကျောင်းသားတယောက်ချင်းစီတိုင်း အတွက် ပညာရေးနှင့် လူမှုရေး-စိတ်ခံစားမှုရေးရာ လိုအပ်ချက်များကို ဖြည့်စွမ်းပေးနိုင်ဖို့ နွေရာသီတလျှောက်လုံးပြင်ဆင်နေခဲ့တာဖြစ်ပါတယ်။ မိသားစုများနှင့် ဝန်ထမ်းများမှာလည်း အခက်အခဲမျိုးစုံကြုံတွေ့နေနိုင်ကြောင်း ကျွန်ုပ်တို့နားလည်သဘောပေါက်ပါတယ်။ ကျောင်းများဟာ မိတ်ဆွေတို့ရဲ့ လူမှုအသိုက်အဝန်းအတွင်း ပြန်လည်ချိတ်ဆက်နိုင်မယ့်နည်းလမ်းများကို ပေးစွမ်းသွားမှာဖြစ်ပါတယ်။
ကျန်းမာပြည့်ဝမှုဟာ အရေးပါသည့်အတွက်ကြောင့် ကျွန်ုပ်တို့အနေဖြင့် ကျောင်းသားများနှင့် ဝန်ထမ်းများအတွက် စိတ်ကျန်းမာရေးဆိုင်ရာ သိမှတ်ဖွယ်ရာများကို ကျွန်ုပ်တို့၏ စိတ်ကျန်းမာရေးဂရုပြုပေးလုံ့ဆော်မှုအစီအစဉ် မှ တဆင့် ဝေမျှပေးသွားမှာဖြစ်ပါတယ်။ မိတ်ဆွေများအနေဖြင့်လည်း ကျောင်းတကျောင်းစီတိုင်းတွင် တိုင်ပင်ဆွေးနွေးသူ၊ စိတ်ပညာရှင်၊ လူမှုရေးဝန်ထမ်းနှင့် သူနာပြုတို့ရှိကြောင်း သိရှိထားသင့်ပါတယ်။

လူတွေ့သင်ကြားခြင်းအတွက် ဖြစ်ပေါ်လာနိုင်သည်များကိုကာကွယ်ရန် ကျွန်ုပ်တို့၏ကျောင်းများနှင့် ရုံးခန်းများဟာ ဖက်ဒရယ်၊ ပြည်နယ်နှင့် ဒေသတွင်းကျွမ်းကျင်သူများမှ အကြံပြုထားသည့် မဟာဗျူဟာများကို အသုံးပြုလျက်ရှိပါတယ်။ ကျွန်ုပ်တို့ဟာ ကိုဗစ်ကူးစက်မှုကိုစောင့်ကြည့်ရန်၊ လိုအပ်သည့်ပြောင်းလဲမှုများ လုပ်ဆောင်ရန် ဘော်တီမောစီရင်စုကျန်းမာရေးဌာနနှင့် အတူတကွ ဆောင်ရွက်လျက်ရှိပါတယ်။လွန်ခဲ့သည့်နှစ်ကကျွန်ုပ်တို့အနေဖြင့် ဖြစ်ပေါ်လာသည့်အခြေအနေများ အပေါ်မူတည်ပြီး လိုက်လံကူးပြောင်းဆောင်ရွက်ရန် ဟူသည့် အရေးကြီးသောသင်ခန်းစာကို သင်ယူခဲ့ရပါတယ်။ နောက်ဆုံးပေါ် သတင်းအချက်အလက်များကို [www.bcps.org](http://www.bcps.org) တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။

မိတ်ဆွေတို့အတွက် အရေးအကြီးဆုံးဆက်သွယ်မှုဟာ မိတ်ဆွေတို့ကလေးရဲ့ကျောင်းနှင့်ဖြစ်ပြီး ယခုလိုဆက်သွယ်မှုများအား စီရင်စုတလျှောက်စစ်ဆေးမှုများမှ ခံစားထိတွေ့ရခြင်းကို ကျွန်ုပ်သဘောကျနှစ်ခြိုက်ပါတယ်။ မိတ်ဆွေဟာ ကျွန်ုပ်တို့မိသားစုအတွက် မိသားစုဝင်အသစ်ပဲ ဖြစ်ဖြစ်၊ မိသားစုဝင်အဟောင်းပဲဖြစ်ဖြစ် ဘော်တီမောစီရင်စု အစိုးရကျောင်းများကို ရွေးချယ်ခဲ့တဲ့အတွက် ကျွန်ုပ်များစွာဝမ်းမြောက်ရပါတယ်။ ဝမ်းမြောက်ပျော်ရွှင်ဖွယ် ပညာသင်နှစ်ကိုအတူတူ စတင် လိုက်ရအောင်!

ခင်မင်စွာဖြင့်



ဒယ်ရီ အယ်. ဝီလီယံ ၊ အက်ဒ်.ဒီ
*ကြီးကြပ်ရေးမှူး*

*အဆင့်တန်းကိုမြှင့်တင်ခြင်း၊ ကွာခြားမှုများကိုကျဉ်းမြောင်းစေခြင်း၊ ကျွန်ုပ်တို့၏အနာဂတ်အတွက်ပြင်ဆင်ခြင်း*